Facilitators Network Singapore | CAPACITY BUILDING INITIATIVE | Myanmar Development Professionals

## “Organizational Transformational Change Conference” ဆိုတာ နိုင်ငံတကာ မှ Certified Master Facilitator များနှင့် အသိအမှတ်ပြု Organizational Development ပညာရှင်များ ဦးဆောင်၍ ဆွေးနွေးဖလှယ်မှုများ ပြုလုပ်သွားမှာ ဖြစ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံး Facilitation Conference ဖြစ်ပါတယ်။

## “Conference ကို ဘာကြောင့် တက်ရောက်သင့်တာလဲ”

- မိမိအဖွဲ့အစည်း ပတ်ဝန်းကျင်မှာ အပြောင်းအလဲတွေက မြန်ဆန် များပြားလွန်းနေပါသလား ?
- မိမိအဖွဲ့အစည်း ပတ်ဝန်းကျင်မှာ ဘယ်လို အပြောင်းအလဲတွေဖြစ်ပွားနေလဲ ?
- ထိုအပြောင်းအလဲတွေကို ဘယ်လိုအသုံးချမလဲ ?
- ဘယ်လိုအပြောင်းအလဲတွေက ကိုယ့်အဖွဲ့အစည်းအတွက် အဓိက ကျနေတာလဲ ?
- ထိုအပြောင်းအလဲတွေအသုံးချပြီး ကိုယ့်အဖွဲ့အစည်းအကျိုးရှိလာအောင် ဘယ်လို ကိုင်တွယ်ကြမလဲ ?
- အပြောင်းအလဲတွေနဲ့ လိုက်လျောညီထွေ မဖြစ်နိုင်ရင် ကိုယ့်အဖွဲ့အစည်း ရေရှည်မှာ အဆင်ပြေ ပါ့မလား?

# "Conference မှ ရရှိနိုင်သော အကျိုးကျေးဇူးများ"

- ဒါတွေကို Facilitation နည်းလမ်းကို အသုံးပြုပြီး ကိုယ့်အဖွဲ့အစည်း ရေရှည်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးအမြတ် တွေဖော်ထုတ်ရရှိနိုင်ပါတယ်။

- ဒီအလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတကာက Certified Master Facilitator များ နှင့် Organizational Development ပညာရှင်များစွာ က ဦးဆောင်ပြီး မျှဝေဖလှယ်မှုများကို စိတ်ဝင်စားဖွယ်ရာ ပြုလုပ်သွားမှာဖြစ်ပါတယ်။

- သင်အတွက် သင်ယူမှု ဖလှယ်မှုများမှ တဆင့် နိုင်ငံတကာ အတွေးအခေါ်များ၊ သီအိုရီများ၊ အတွေ့အကြုံ အသစ်များစွာကို တပေါင်းတစည်းထဲ ယခု Conference ကနေ ရရှိနိုင်မှာဖြစ်ပါတယ်။

- ဒီ Confrence ကနေ သင့်အတွက်၊ သင့်အဖွဲ့အစည်းအတွက်၊ သင့်နိုင်ငံအတွက် အကျိုးအမြတ် တွေများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။

- ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၊ ပညာရှင်များ နှင့် မိတ်ဖက်ပြုမှု များ ရရှိလာနိုင်ပါတယ်။

**ပထမနေ့**

Conference Opening (Large Group Plenary)

## Facilitating Change and Transformation by Dr Douglas OLoughlin



ပြောင်းလဲမှု နှုန်းနှင့် ရှုပ်ထွေးနက်နဲမှုများသည် တစ်ဦးတစ်ယောက်ချင်းစီ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတိုင်းအတွက် သက်ရောက်မှုများ ဖြစ်ပေါ်နေပါသည်။ ပြောင်းလဲမှု အရှိန်အဟုန်ကြီးထဲမှာ ဘယ်လိုရှင်သန်ကြမလဲ၊ အောင်မြင်အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ ဆိုတာတွေကို ကောင်းစွာသိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- ပြောင်းလဲမှုနှင့် အသွင်ပြောင်းခြင်းများကို ကောင်းစွာ သိရှိနားလည်ခြင်း။
- အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဖြစ်စဉ်ပုံပိုးခြင်းများကို သိရှိနားလည်ခြင်း။
- မိမိနှင့် ပတ်သပ်ဆက်နွယ်သူများအား ကောင်းစွာချိတ်ဆက်ဆောင်ရွက်လာနိုင်ခြင်း

Workshop A

## Session (A1) Managing transitions effectively in times of Change by Dr Christine Hogan



အပြောင်းအလဲ ကာလအတွင်းမှာ အသုံးပြုဖို့ Transition Coping Strategies နည်းဗျူဟာတွေ နဲ့ Resilience Skills ခုခံနိုင်စွမ်းအား တွေလိုအပ်ပါတယ်။ အပြောင်းအလဲဆိုတာ လူတွေရဲ့ ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်းနဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာတွေ ကို သက်ရောက်မှုတွေဖြစ်စေနိုင်ပါတယ်။


ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့ -

- သင်၊ သင့်မိသားစု၊ သင့်ပတ်ဝန်းကျင်၊ သင့်လူမှုအသိုင်းအဝိုင်းတစ်ခုလုံး တွင် ဖြစ်ခဲ့ဖူးတဲ့ အပြောင်းအလဲတွေနဲ့ အပြောင်းအလဲကာလတွေမှာ စီမံခန့်ခွဲတဲ့ နည်းဗျူဟာတွေ
- ဘဝမှာဖြစ်ပေါ်နေတဲ့ လက်ရှိ အပြောင်းအလဲ တွေ
- "Hero/Heroine's" Journey ဆိုတဲ့ Story နဲ့ ချိတ်ဆက်ပြီး အပြောင်းအလဲကာလအတွင်း ဖြစ်ပေါ်နေသော အဓိက Transition Stages များ
- အပြောင်းအလဲကာလတွင်းမှာ ဖြစ်ပေါ်သော ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကို ဖော်ထုတ်ပြီး ထိုသက်ရောက်မှုများ အတွက် နည်းဗျူဟာများ
- ထိုအပြောင်းအလဲကာလတွေမှာ လိုအပ်သည့် လက်တွေ့ဆန်သော ကျွမ်းကျင်မှု Transition Skills (၁၀) မျိုး ကို သိရှိရမှာ ဖြစ်ပါတယ်။

တက်ရောက်သူများအနေဖြင့် မိမိတို့၏ ဘဝမှာ ဖြစ်ပေါ်နေသော လက်ရှိ နှင့် အနာဂတ် အပြောင်းအလဲ များကို ကိုယ်ပိုင်အပြောင်းအလဲအဖြစ် ရယူနိုင်ဖို့ အမျိုးမျိုးသောကျွမ်းကျင်မှု များကို အသုံးပြုခွင့် ရရှိမှာ ဖြစ်ပါတယ်။ အပြန်အလှန်ဆွေးနွေးဖလှယ်မှုများ၊ ပျော်ရွှင်ဖွယ် လုပ်ဆောင်မှု အစီအစဉ်များလည်း ပါဝင်မှာ ဖြစ်ပါတယ်။

## Session (A2) Effective Organizational Change: Preparation and Understanding

### by Paul Stuart



အကျိုးရှိထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်များခြင်းမှတဆင့် ရလာဒ်ကို ရရှိပြီး အပြောင်းအလဲ အပေါ် ခုခံမှုများကို လျော့ချရန်အတွက် လက်တွေ့ဆန်သော အကောင်းဆုံးနည်းလမ်းများ၊ တည်ဆောက်မှုပုံစံများ အသုံးပြုပြီး အဖွဲ့အစည်း အတွက် အပြောင်းအလဲကို ဦးဆောင်နိုင်ဖို့ အတွက်လိုအပ်တဲ့ အခြေခံကျွမ်းကျင်မှုနဲ့ အသိပညာများ ရရှိစေရန်ဦးတည်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- အပြောင်းအလဲကို အောင်မြင်စွာ လုပ်ဆောင်နိုင်ဖို့ မရှိမဖြစ်အရေးပါသော အဆင့်များ သိရှိခြင်း။
- အပြောင်းအလဲကို စတင်မိတ်ဆက်လိုက်ပြီဆိုတာနဲ့ ပြောင်းလဲမှုလမ်းစဉ်မှာလိုက်ပါရမယ့် လူတွေအကြောင်းကို နားလည်ခြင်း။
- ပြောင်းလဲမှုကြောင့် လူတစ်ဦးချင်းစီရှိ ထိခိုက်ခံစားမှုများကို သိရှိခြင်း။
- အပြောင်းအလဲကို ခုခံမှုများနဲ့ ဆက်စပ်နေသော နည်းလမ်းများကို သိရှိခြင်း။

## Session (A3) An Exploration of the role of Values as we Challenge our current "What is" and seek to Change people, organizations and society by Dr Tom Schwarz



လူမှုဘဝနှင့် လုပ်ငန်းခွင်ဘဝမှာ တန်ဖိုးထားမှုများဖြင့် အလုပ်လုပ်ကိုင် နေကြရပါတယ်။ မတူညီ ကွဲပြားသော တန်ဖိုးထားမှုများအား အတူတကွ စုစည်းပြီး လုပ်ငန်းများဖေးပေအောင်မြင်ရန် ဆောင်ရွက်ရန် လွန်စွာ အရေးကြီး လှပါသည်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့ -

- မိမိအဖွဲ့အစည်းအား ရှေ့ဆက်သွားနိုင်ရန် လိုအပ်သော တန်ဖိုးထားမှုများကို သိရှိခြင်း။
- အဖွဲ့အစည်း၏ တန်ဖိုးထားမှုများမှ တဆင့် အတူပူးပေါင်းပါဝင်မှု ခွန်အားများရရှိစေခြင်း။
- မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ ၏ တာဝန်နှင့် ဝတ္တရားများအား ကောင်းစွာ သိရှိနားလည်ကာ ပူးပေါင်းဆောင်ရွက်မှု ခွန်အားများ ရရှိစေခြင်း။

-

Workshop B

## Session (B1) The B.E.S.T Communication Strategy ~ Enhancing Organizational Capability through Non-violent Communication by Ms Audrey Goh



ထိရောက်သော ဆက်သွယ်ဖလှယ်မှု (Communication) က အဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည်ကို အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်စေနိုင်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- အဖွဲ့အစည်းတွင်းမှာရှိသော ဆက်သွယ်ဖလှယ်ခြင်း များကို ပို၍ ကောင်းမွန်စွာ နားလည်လာခြင်း။
- Stakeholder များ နှင့် ဆက်သွယ်ဖလှယ်မှု ပုံစံများ ကို သိရှိခြင်း။
- B.E.S.T Communication Strategy ကို လေ့ကျင့်မှုပြုလုပ်ခြင်း။
- အပြန်အလှန် ခင်မင်နားလည်မှု ရယူခြင်း။
- Stakeholder များနှင့် ညှိနှိုင်းစေ့စပ်ခြင်း။
- ဆက်သွယ်ဖလှယ်မှု Channel များကို ပိုမိုချဲ့ထွင်ခြင်း။
- Non-Violent Communication Approach ဖြစ်စေရန် လုပ်ဆောင်ခြင်း။

## Session (B2) Building Organizational Capacity Through LEAN by Mr Paul Singh Gill



အဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည် ပြောင်းလဲတိုးတက်မှုမှာ LEAN က ဘယ်လိုအကူအညီပေးနိုင်လဲ၊ စက်မှုလုပ်ငန်းတွေနဲ့ ဂန်ဆောင်မှုလုပ်ငန်းပတ်ဂန်းကျင်မှာ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမလဲ ဆိုတာတွေကို ဆွေးနွေးမှုတွေ ပြုလုပ်မှာဖြစ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- LEAN Principle and Philosophy
- ဘာ့ကြောင့် LEAN က မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု ခရီးစဉ်အတွက် ကိုက်ညီတာလဲ
- ကိုယ့်အဖွဲ့အစည်းမှာ LEAN ကိုအလွယ်တကူပြန်အသုံးချမလဲ
- LEAN Tools များ နှင့် အကျိုးကျေးဇူးများကို သိရှိခြင်း။
- မြန်မာနိုင်ငံရဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှု မှာ LEAN ရဲ့ အရေးပါပုံကို သိရှိခြင်း။

## Session (B3) Learning Journey to one Myanmar Civil Society Organization organized by Capacity Building Initiative, Yangon

လူမှုအကျိုးစီးပွားအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများဟာ မြန်မာနိုင်ငံမှာ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြတာတွေများစွာရှိနေပါတယ်။ ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွေမှာရှိတဲ့ လူမှုစီးပွားရေးအခြေအနေတွေဟာ လေ့လာသင်ယူစရာတွေ အများကြီး ရှိနေပါတယ်။

ဒီ Learning Journey Session ကတော့

- စိတ်ဝင်စားဖွယ်ရာ သင်ယူမှုခရီးစဉ်တစ်ခုဖြစ်ခြင်း။
- မြန်မာနိုင်ငံမှာ လူထုအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်နေသော လူထုအကျိုးပြု အဖွဲ့အစည်းတစ်ခုကို သွားရောက် လေ့လာဖို့အတွက် အစီအစဉ်တစ်ခုဖြစ်ပါတယ်။

## ဒုတိယနေ့

### Workshop C

**Session (C1) Designing Large Group Sessions for Organization Changes**

**by Dr Douglas OLoughlin**



လူအများအပြားပါဝင်သော ဆွေးနွေးပွဲများတွင် ပိုမိုထိရောက်အကျိုးရှိသော ဆွေးနွေးပွဲများ ဖြစ်ပေါ်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရမည်များကို ကောင်းစွာ သိရှိနားလည်ရန် လိုအပ်ပါသည်။ လုပ်ငန်းဆောင်ရွက် နေသူများ အတွက် အချိန်တိုထိရောက် ရည်မှန်းချက်ရောက်သော ဆွေးနွေးမှုများကို ဖန်တီး ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးလှပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိ မှာတွေကတော့

- မိမိလုပ်ငန်း၏ Stakeholder များအတွက်ဖန်တီးပေးနိုင်သော အတွေ့အကြုံများရရှိခြင်း။
- လုပ်ဆောင်ချက်များ ပိုမိုထိရောက်မှုများ ရရှိစေရန် အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု အတွက် Facilitation ၏ နိယာမများ နှင့် Key Design ကိုနားလည်သဘောပေါက်ခြင်း။
- Dick and Emily Axelrod ၏ Meeting Canoe ကို ရာချီသော လူအုပ်စု အတွက် Design ရေးဆွဲခြင်း နှင့် Facilitation Session ပြုလုပ်ခြင်းများတွင် ထိရောက်စွာအသုံးပြုပုံများ သိရှိခြင်း။
- Objective, Outcome ပေါ်မူတည်ပြီး Customized Design ရေးဆွဲနိုင်ရန် အကြံဉာဏ် အတွေးအခေါ်များ ဖော်ထုတ်နိုင်ခြင်း။

## Session (C2) Differentiation and Integration – an introduction to the dynamics, tensions and ways forward – for Resilient and Authentic Change by Dr Tom Schwarz




ပြောင်းလဲမှု အရှိန်အဟုန်ကြီးမားသော ခေတ်အခြေအနေများတွင် မတူညီကွဲပြားသော အခြေအနေများသည် ထိရောက်သော ပြောင်းလဲမှု ဖြစ်ပေါ်လာစေရန် အတွက် အရေးကြီးသော အကြောင်းအရာများ အဖြစ်ပေါ်ပေါက်လာပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့ -

- အခြေအနေတိုင်းမှာရှိနေသော မတူညီကွဲပြားမှုများ၊ စိတ်ပိုင်းဆိုင်ရာပြင်းထန်သော အခြေအနေ၊ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်များ ကို ပိုမိုနားလည်ခြင်း။
- ထိုမတူညီကွဲပြားမှု၏ ပြင်းထန်သော အခြေအနေတွင် ရည်ရွယ်ချက်မပျောက်ဘဲ ရေရှည်ထိန်းသိမ်းထားနိုင်ရန် လိုအပ်သော စွမ်းဆောင်ရည်များတိုးပွား လာအောင် ပြုလုပ်သော နည်းလမ်းများကို မိတ်ဆက်ခြင်း။
- ထိုမတူညီကွဲပြားမှုအခြေအနေတွင် မိမိ၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ဦးဆောင်မှု ပုံစံနှင့် Facilitation ကိုပြန်လည်ထင်ဟပ်ခြင်း။

## Session (C3) Creating Great Teams by exploring " The 5 Dysfunctions of a Team"

by Paul Stuart



အသင်းအဖွဲ့တစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ အစိုးရတစ်ရပ် အောင်မြင်ဖို့အတွက် တစ်ဦးတစ်ယောက်တိုင်း အဖွဲ့တိုင်း ဘယ်လောက် အကျိုးရှိစွာ ပေါင်းစည်းလုပ်ဆောင်နိုင်လဲ ပေါ်မှာမူတည်ပါတယ်။ ခိုင်မာကျစ်လစ်တဲ့ အသင်းအဖွဲ့တွေဟာ အောင်မြင်မှုကို ပိုမိုပေးစွမ်းနိုင်မှု ရှိပါတယ်။ အသင်အဖွဲ့တစ်ခု ပိုမိုခိုင်မာ အောင်တည်ဆောက်မှု ပြုလုပ်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကောင်းစွာသိရှိနားလည်ရမှာ ဖြစ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- Patrick Lencioni ဖော်ထုတ်ခဲ့သော Team Model တစ်ခုဖြစ်သော 5 Dysfunctions ၏ အဓိက အချက်များကို သိရှိခြင်း။
- အသင်းအဖွဲ့တွင်းဆန့်ကျင်မှုများ ကို ကနဦးဆန်းစစ်ခြင်း။
- အသင်းအဖွဲ့တွင်း အလုပ်မဖြစ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို အမှတ်များဖြင့် ဖော်ထုတ်ခြင်း။

Workshop D

## Session (D1) "Am I.. ? Do I…? Should I ….?" By Ms Theresa Tatnam Thong



Facilitator တစ်ဦးအနေဖြင့် ကြုံတွေ့ရသော အခက်အခဲများ ရှိတတ်ပါတယ်။ ဖြစ်စဉ်ကို ဦးစားပေးပြီး လုပ်ဆောင်ရမယ်ဆိုတာကို ကောင်းစွာသိရှိထားသော်လည်း မိမိ၏ စိတ်ရင်းအခြေအနေ ရဲ့ စိန်ခေါ်မှုတွေကို များစွာရင်ဆိုင်ရတတ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- Facilitating လုပ်တဲ့အခါမှာ စိတ်အတွင်းပိုင်း ရုန်းကန်မှုများ ကိုပြန်လည်ထင်ဟပ်ခြင်း
- Facilitate လုပ်တဲ့အခါ ဖြစ်ပေါ်လာတတ်သော အကာအကွယ်ယူမှုတွေ၊ စိန်ခေါ်မှု ထောင်ချောက်တွေကို ကောင်းစွာသိရှိလာခြင်း။
- Facilitator တစ်ဦးအနေဖြင့် အစဉ်အမြဲထားရှိ ရမည့် ဖြစ်စဉ်နှင့်ရလာဒ်ကို ပိုမိုအလေးထား သိရှိနိုင်ခြင်း။

## Session (D2) The Creativity Cocktail by Mudrey Goh



ပြိုင်ဆိုင်မှု စွမ်းအားများ အမြင့်ဆုံးဖြင့် အောင်မြင်ဖွံ့ဖြိုးမှု ပိုမိုရရှိစေနိုင်ရန် အတွက် ဆန်းသစ်တီထွင်သော မဟာဗျူဟာများ ဖန်တီးဆောင်ရွက်နိုင်ခြင်းသည် ယနေ့ခေတ်အခြေအနေတွင် များစွာ အရေးပါလှပါတယ်။ မိမိတို့၏ လုပ်ငန်းခွင်တွင်းမှ ပိုမိုဆန်းပြားသော နည်းလမ်းများကို လွတ်လပ်ပေါ့ပါးစွာ ဖော်ထုတ်နိုင်ရန် လိုအပ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့

- The Art of Mixology ကို ကောင်းစွာ သိရှိခြင်း။
- ဆန်းသစ်တီထွင်သော နည်းဗျူဟာများကို သိရှိနားလည်ခြင်း။
- ဆန်းသစ်မှုမှသည် အောင်မြင်မှုဆီသို့ သွားနိုင်မှုများကို နားလည်လာခြင်း။

Facilitators Network Singapore · CAPACITY BUILDING INITIATIVE · Myanmar Development Professionals

## Session (D3) Do you know your Strengths and Driving Motivation? By Ms Lim Hong Li



အဖွဲ့အစည်းတစ်ခုသည် ခိုင်မာကျစ်လစ်သော အသင်းများဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ခိုင်မာကျစ်လစ်သော အသင်းများ၏ အခြေခံအုတ်မြစ်မှာ စွမ်းရည်ပြည့်ဝသော လူပုဂ္ဂိုလ်တစ်ဦးစီ ရှိရန် လိုအပ်ပါတယ်။

ဒီ Session ကနေ လေ့လာသင်ယူရရှိမှာတွေကတော့ -

- အပြုအမူများ၏ နောက်ကွယ်က ရည်ရွယ်ချက်များကို သိရှိနားလည်ခြင်း။
- တစ်ဦးတစ်ယောက်ချင်းစီ၏ အားသာချက်များမှ Synergy သဘောတရားအရ အသင်းအဖွဲ့၊ ရပ်ရွာလူထု ၏ အကျိုးရလဒ်များရရှိစေမှုအား သိရှိခြင်း။
- တစ်ဦးချင်းစီ၏ အားသာချက်များကို ဖော်ထုတ်သိရှိပြီး Art and Science of Facilitation ကို ရှင်းလင်းစွာ သိရှိခြင်း။

Large Group Plenary 2

## Facilitating Organization Transformation using the Singapore Business Excellence Framework by Janice Lua & Prabu Naidu

ဖွံ့ဖြိုးတိုးတက်သော အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်ရေး အတွက် လိုအပ်သော အချက်များကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။





- Leading with Vision and Integrity
- Creating Value for Customer
- Driving Innovation and Productivity
- Developing Organizational Capacity
- Valuing People and Partners
- Managing with Agility
- Sustaining Outstanding Results
- Adopting an Integrated Perspective
- Anticipating the Future

